# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 25 , 2024 Volume 77, Number 14


၂၅.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၂၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၂.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၄.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၉.၅ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၇၁.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၇၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၉၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၇၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၉.၃၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၇၂၆ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဝန်ကြီးဌာန၏ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့တက်ရောက်



၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် နေပြည်တော်၊ ရုံးအမှတ် (၃)၊ အစည်းအဝေးခန်းမ- ၂ ၌ ကျင်းပပြုလုပ်ခဲ့သည့် ဝန်ကြီးဌာန၏ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်လမ်းညွှန်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံကပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် နှစ်သစ်တွင် ရုံးလုပ်ငန်းတာဝန်များကို အားသစ်၊ မာန်သစ်၊ ခွန်အားအပြည့်ဖြင့် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခင်နှစ်ကကြုံတွေ့ခဲ့ရသည့် အားနည်းချက်၊ အားသာချက်များအပေါ် ပြန်လည်သုံးသပ်စိစစ်ပြီး ယခုဘဏ္ဍာနှစ်တွင် ပို့ကုန်လျာထားချက် ပြည့်မီကျော်လွန်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ ကျင့်ဝတ်သိက္ခာနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံဝန်ထမ်းတက္ကသိုလ်နှင့် အခြားဝန်ကြီးဌာနများမှ ဖွင့်လှစ်သည့်သင်တန်းများသို့ တက်ရောက်ရာတွင် စံပြဆု ၃ ဦး၊ ပထမဆု ၃ ဦး၊ ဒုတိယဆု ၅ ဦးနှင့် တတိယဆု ၁ ဦးရရှိသကဲ့သို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင်လည်း အရည်အသွေးပြည့်ဝစွာဖြင့်


ထုးချွန်အောင် ကြိုးစားဆောင်ရွက်သွားစေလိုပါကြောင်းနှင့် သင်တန်းများတွင်ထူးချွန်ပြီး စံပြဖြစ်ရှိသာမက လုပ်ငန်းခွင်တွင်လည်း စံပြဖြစ်အောင် ကြိုးစားသွားကြရန် ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းမင်းက ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လက်ရှိအခြေအနေနှင့် ကိုက်ညီသည့်လုပ်ငန်းစဉ်များ အားချမှတ်ရေးဆွဲသွားရန်လိုအပ်ပါကြောင်း၊ ပို့ကုန်/သွင်းကုန် မူဝါဒတစ်ခုတည်းကိုသာမဟုတ်ဘဲ အခြားဆက်စပ်သည့်မူဝါဒများကိုပါ နားလည်သဘောပေါက်စေရန် လေ့လာသွားကြရမည်ဖြစ်ကြောင်းနှင့် ဦးစီးဌာနများအနေဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများအောင်မြင်စွာပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပြီး ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ ၃၀၂ ဦးနှင့် အွန်လိုင်းမှ ၉၁၄ ဦး စုစုပေါင်း ၁၂၁၆ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://commerce.gov.mm

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် အုန်းသီးအနု အလုံးရေ ၅၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မတ်လတွင်ဒေသထွက် အုန်းသီးအနု အလုံးရေ ၅၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလ အုန်းသီးအနု အလုံးရေ ၃၅၀,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ အုန်းသီးအနု အလုံးရေ ၅၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအနု အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၇၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ မတ်လထဲမှာလဲ အုန်းသီးအနုတွေ ဝယ်ယူမှုအားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ မတ်လထဲမှာ အုန်းသီးအနုအလုံးရေ ၅၇၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိဧပြီလထဲမှာလဲ အုန်းသီးအနုတွေ ဝယ်ယူမှုအားကောင်းနေပါတယ်။ ပွဲရုံပိုင်ရှင်တွေက အုန်းပင်စိုက်ပျိုးတောင်သူတွေဆီကနေ အုန်းသီးတွေကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာပါ။ ဒေသထွက်အုန်းသီးအနုတွေဝယ်ယူမှု အားကောင်းလာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေအနေနဲ့ အုန်းသီးတွေကို ရင့်တဲ့ထိ စောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ်" ဟု ကျိုက်လတ်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးအနုများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ အုန်းသီးစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ကုန်ထမ်းလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလာကြောင်း ကျိုက်လတ်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မအူပင်ခရိုင်၌ ငရုတ်သီးနှံ ဈေးနှုန်းဈေးကွက်တည်ငြိမ်

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးများကို အဓိကထားလုပ်ကိုင်ကြပြီး စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ငရုတ်သီးနှံကို ၄၀,၅၅၇ ဧကစိုက်ပျိုးခဲ့ပြီး စုစုပေါင်း ၁၆,၀၀၁,၇၆၄ ဒသမ ၃၅ ပိဿာခန့် ထွက်ရှိခဲ့ကြောင်း၊ မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူစသည့် မြို့နယ်များတွင် ငရုတ်သီးနှံများ တစ်ပြိုင်နက်

လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ယခင်နှစ်က ငရုတ်ပွဲရုံများတွင် ငရုတ်သီးအမှည့်အစိုများကို အအေးခန်းကားများဖြင့် စနစ်တကျထုပ်ပိုး၍ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ငရုတ်အမှည့်အစိုများကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရန် ဈေးကွက်ရရှိမှု နည်းပါးလာသောကြောင့် ပြည်တွင်းဈေးကွက်တွင် ငရုတ်အမှည့်ခြောက်များ ပိုလျှံမှုများဖြစ်လျက်ရှိရာ ငရုတ်သီးဈေးနှုန်း ဈေးကွက်တည်ငြိမ်လျက်ရှိကြောင်း ငရုတ်ပွဲရုံများထံမှသိရသည်။ ငရုတ်သီးနှံမှာ ပြည်ပဝယ်လိုအားနည်းပါးပြီး ပြည်တွင်းဈေးကွက်ကိုသာ အဓိကထားရောင်းချရသည့်အတွက် တောင်သူများအနေဖြင့် သင့်တင့်မျှတသော အကျိုးအမြတ်များရရှိကြောင်းသိရသည်။

**Source: DOCA (ဧရာဝတီ)**

**မြန်မာ့အလင်းသတင်းစာ(၂၅-၄-၂၀၂၄)**

## ဈေးကွက်အေးနေသော မအူပင်ခရိုင် ငရုတ်ဈေးကွက်အခြေအနေ



မအူပင်ခရိုင်သည်စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်ခရိုင်တစ်ခုဖြစ်ပါသည်။ ငရုတ်လှိုင်လှိုင်ပေါ်သော ယခုလိုအချိန်အခါတွင် ယခင်နှစ်က မအူပင်ခရိုင်အနေဖြင့် ၃၉,၆၈၁ ဧက စိုက်ပျိုးခဲ့ပြီး ပျမ်းမျှအထွက်နှုန်း ၃၆၄ ဒသမ ၅၆ ပိဿာနှုန်းထွက်ရှိ၍ ငရုတ်ပိဿာ စုစုပေါင်းထွက်ရှိမှု ၁၄,၄၇၀,၁၅၇ ပိဿာခန့်ထွက်ရှိခဲ့ပါသည်။ ထွက်ရှိသော ငရုတ်သီးနှံများကို ပြည်ပဝယ်လိုအားရရှိပြီး တစ်ပိဿာလျှင် ၆၅၀၀ ကျပ်ဖြင့် ဈေးကောင်းရရှိခဲ့ကြောင်း ငရုတ်ပွဲရုံများထံမှ သိရှိရပါသည်။

ယခုနှစ်တွင် မအူပင်ခရိုင်အတွင်း ငရုတ်စိုက်ပျိုးမှု ၄၀,၅၅၇ ဧကစိုက်ပျိုးခဲ့ပြီး ပျမ်းမျှအထွက်နှုန်းအားဖြင့် ၃၉၄ ဒသမ ၅၅ ပိဿာနှုန်းဖြင့်ထွက်ရှိပြီး ငရုတ်ပိဿာ စုစုပေါင်း ၁၆,၀၀၀,၅၅၉ ပိဿာခန့် ထွက်ရှိခဲ့သည်။ ယခုနှစ် ငရုတ်လှိုင်လှိုင်ပေါ်သော ကာလတွင် မအူပင်ခရိုင်အနေဖြင့် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များတွင် တစ်ပြိုင်နက် ငရုတ်ပေါ်အချိန်ရောက်ရှိနေသောကြောင့် ငရုတ်သီးနှံများလှိုင်လှိုင်ပေါ်ပြီး ပြည်ပဈေးကွက် ဝယ်လိုအားရရှိမှုနည်းပါးလာခြင်းကြောင့် ယခုနှစ်တွင် ငရုတ်သီးနှံများပေါ်များပြီး ဈေးကောင်းရရှိမှုနည်းပါးကြောင်း ကွင်းဆင်းလေ့လာမှုအရ သိခဲ့ရသည်။

ငရုတ်ပွဲရုံများတွင် ယခင်နှစ်က ငရုတ်မှည့်စိုများကို အအေးခန်းကားများဖြင့် စနစ်တကျ ပြည်ပဈေးကွက်အရောက်ပေးပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ငရုတ်မှည့်စိုများကို ပြည်ပဈေးကွက်သို့ရောင်းချရန် ဈေးကွက်ရရှိမှု နည်းပါးလာခဲ့သည်။ ငရုတ်မှည့်စိုများ ပြည်ပဈေးကွက်ရရှိမှု အားနည်းလာသောကြောင့် ပြည်တွင်းဈေးကွက်တွင် ငရုတ်မှည့်ခြောက်များ ပြည်တွင်းဈေးကွက်အတွင်း၌ ပိုလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ငရုတ်စားသုံးမှုသည် ပြည်တွင်းဈေးကွက်အတွက် ပိုလျှံသဖြင့် ပြည်တွင်းဈေးကွက်အတွင်း ရောင်းလိုအားများပြားလာခဲ့ပြီး ဝယ်လိုအားမှာ ပုံမှန်ဖြစ်သောကြောင့် ပြည်တွင်းစားသုံးမှုထက် ပိုလျှံသော ငရုတ်ဈေးကွက်လျော့ပါးလာခဲ့သည်။

မအူပင်ခရိုင်သည် ငရုတ်စိုက်ပျိုးထုတ်လုပ်မှု နှစ်စဉ်တိုးတက်ထုတ်လုပ်လျက်ရှိသဖြင့် ယခုနှစ်တွင် ပိုမိုထွက်ရှိသော ငရုတ်ဈေးကွက်ရရှိမှု ပြည်ပဝယ်လိုအားရရှိမှုလျော့ပါးခဲ့သဖြင့် ဈေးကွက်အေးနေသော အခြေအနေတွင်ရှိနေကြောင်း ငရုတ်ပွဲရုံများ၏ ပြောပြချက်အရ သိရသည်။

ငရုတ်စိုက်ပျိုးသော တောင်သူများအနေဖြင့်လည်း ပြည်ပဈေးကွက်ဝယ်လိုအားရရှိမှု နည်းပါးသောကြောင့် ပြည်တွင်းဈေးကွက်ကိုသာ အဓိကထားရောင်းချရသောကြောင့် ဈေးနှုန်းအနည်းငယ်အေးနေသည့်အတွက် တောင်သူအကျိုးအမြတ်မှာ ယခင်နှစ်ကဲ့သို့ ထိုက်ထိုက်တန်တန် အကျိုးရှိရှိမရခဲ့သော်လည်း သင့်တင့်မျှတသော အကျိုးအမြတ်ရရှိနိုင်ကြောင်း ဝါရင့်ငရုတ်ပွဲရုံပိုင်ရှင်တစ်ဦး၏ ခန့်မှန်းသုံးသပ်ချက်အရ သိရသည်။

ငရုတ်ပွဲရုံပိုင်ရှင်တစ်ဦးက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ ပြည်ပဈေးကွက်ရရှိရေး၊ ဆောင်ရွက်နိုင်ပါက ငရုတ်ဈေးကွက်သည် ပြန်လည်ဦးမော့လာပြီး ဈေးကွက်ခိုင်မာမှု ရရှိလာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားချက်အရသိရှိခဲ့ရပြီး ပြည်ပဈေးကွက်အလားအလာကောင်းရှိသော ငရုတ်သီးနှံဈေးကွက်ရရှိရေး ပိုမိုဆောင်ရွက်ပေးနိုင်ရန်တို့ကို အလေးပေးဆောင်ရွက်နိုင်ပါက ဈေးကောင်းရဈေးကွက်ဝင် ပြည်ပပို့ကုန်ဖြစ်လာမည်မှာ ဧကန်ဖြစ်သည်။

**Source: DOCA(ဧရာဝတီ)**

https://www.doca.gov.mm/my/node/19323

## သင်္ကြန်အပြီး ဆန်ကြမ်းဈေး အနည်းငယ်တက်လာ

သင်္ကြန်ပိတ်ရက် ကာလအတွင်း ကုန်စည်ဒိုင်သို့ ဆန်အဝင်နည်းခြင်းကြောင့် ပြည်တွင်းစားသုံးသည့် ဆန်ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာကြောင်း ဆန်ကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

ပြည်တွင်း၌ စားသုံးမှုများသည့် ဇီယာ၊ ဆင်းသွယ်၊ ရက် ၉၀ ဆန် အမျိုးအစားများသည် သင်္ကြန်မတိုင်မီကထက် (၂၄) ပြည်တစ်အိတ်လျှင် ကျပ် ၃,၀၀၀ မှ ၅,၀၀၀ ဝန်းကျင်ထိ ဈေးနှုန်းမြင့်တက်ခဲ့သည်။ သို့သော် ဆန်ချောဖြစ်သည့် ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်းသည် သင်္ကြန်မတိုင်မီက ဈေးတန်းမှာပင် ဆက်လက်ရှိနေပြီး ဆန်ကြမ်းအမျိုးအစားများသာ ဈေးအနည်းငယ်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် သင်္ကြန်ပိတ်ရက်ကာလတွင် ဧရာဝတီတိုင်းဘက်မှ ဆန်ကုန်စည်ဒိုင်သို့ ဆန်အဝင်နည်းခဲ့ပြီး ကုန်စည်ဒိုင်အများစုသည် သင်္ကြန်ကာလတွင် ပိတ်ထားခြင်းဖြစ်သည်။

လက်ရှိတွင် ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၁၅၀,၀၀၀ မှ ၁၆၄,၀၀၀ ဝန်းကျင်၊ ဧရာဝတီပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၁၃၀,၀၀၀ မှ ၁၄၈,၀၀၀ ဝန်းကျင်နှင့်ဆန်ကြမ်းဖြစ်သည့် ရက် ၉၀ ဆန် တစ်အိတ်လျှင် ကျပ် ၁၀၈,၀၀၀ မှ ၁၂၀,၀၀၀ ကျပ် ဝန်းကျင်ရှိကြောင်း ဈေးကွက်အတွင်းမှသိရသည်။

**Source:** https://www.popularmyanmar.com/?p=156622

## အိန္ဒိယ၏ ပဲမျိုးစုံတင်သွင်းမှုသည် 2023-24 တွင် နှစ်ဆနီးပါးတိုးလာကာ ယခုနှစ်တွင် ပိုမိုမြင့်တက်လာနိုင်

အိန္ဒိယသည် လယ်သမားများအတွက် မက်လုံးအမျိုးမျိုးအပါအဝင် အစီအစဉ်များစွာ ချမှတ်ဆောင်ရွက်လျက်ရှိသော်လည်း ၎င်း၏ပြည်တွင်းလိုအပ်ချက်အတွက် ပဲမျိုးစုံတင်သွင်းမှုအပေါ် မှီခိုနေရဆဲဖြစ်ပြီး ၂၀၂၃-၂၀၂၄ တွင် ပဲမျိုးစုံတင်သွင်းမှုသည် နှစ်ဆနီးပါးမြင့်တက်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၄ ဘီလီယံအထိ ရှိခဲ့ကြောင်းသိရသည်။

အိန္ဒိယအစိုးရသည် တရားဝင်ကိန်းဂဏန်းကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ပြီးခဲ့သည့် ၂၀၂၂-၂၃ ခုနှစ်တွင် ပဲမျိုးစုံတန်ချိန် ၂၄ ဒသမ ၅ သိန်းသာ တင်သွင်းမှုရှိခဲ့သော်လည်း ၂၀၂၃-၂၄ ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၄၅ သိန်းကျော် တင်သွင်းခဲ့ကြောင်း ခန့်မှန်းတွက်ချက်မှုများအရ သိရသည်။

ပြည်တွင်းဝယ်လိုအားနှင့် ဈေးနှုန်းကိုထိန်းညှိရန်အတွက် အစိုးရသည် ပဲမျိုးစုံတင်သွင်းမှု နှစ်ရှည်စာချုပ်များအတွက် ဘရာဇီးနှင့်အာဂျင်တီးနားကဲ့သို့ ဈေးကွက်သစ်များနှင့်ညှိနှိုင်းနေကြောင်း အစိုးရသတင်းရင်းမြစ်များအရ သိရှိရပြီး ဘရာဇီးနိုင်ငံမှ မတ်ပဲတန်ချိန် ၂၀,၀၀၀ ကျော်တင်သွင်းမည်ဖြစ်ကြောင်း၊ အာဂျင်တီးနားမှ ပဲစဉ်းငုံတင်သွင်းရန် စေ့စပ်ညှိနှိုင်းမှုမှာ နောက်ဆုံးအဆင့်နီးပါးဖြစ်နေပြီဖြစ်ကြောင်း သိရသည်။ အိန္ဒိယအစိုးရသည် မိုဇမ်ဘစ်၊ တန်ဇန်းနီးယား၊ မြန်မာနိုင်ငံတို့နှင့်လည်း

ပဲမျိုးစုံတင်သွင်းရန် စာချုပ်များချုပ်ဆိုထားသည်။

မကြာသေးမီလများအတွင်း တင်သွင်းမှုများ မြင့်တက်လာခြင်းသည် ပြည်တွင်းရောင်းလိုအားကိုမြှင့်တင်ရန်နှင့် ဈေးနှုန်းများကို ထိန်းသိမ်းရန်ဖြစ်ကြောင်းသိရသည်။ အိန္ဒိယအစိုးရက ယခုနှစ်ဇွန်လအထိ စားတော်ပဲတင်သွင်းခွင့်ကို အခွန်ကင်းလွတ်ခွင့်ပြုထားသကဲ့သို့ မတ်ပဲနှင့်ပဲစဉ်းငုံတို့ကိုလည်း ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုထားသည်။

အိန္ဒိယအစိုးရအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စတင်နေချိန်တွင် ပဲမျိုးစုံဈေးနှုန်းကြီးမြင့်မှုမှာ အဓိကစိုးရိမ်စရာဖြစ်နေပြီး ကိန်းဂဏန်းများအရ ပဲမျိုးစုံဈေးနှုန်းကြီးမြင့်မှုသည် ယခုနှစ် မတ်လတွင် ၁၇ ရာခိုင်နှုန်းနှင့် ဖေဖော်ဝါရီလက ၁၉ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း သိရှိရသည်။

ပဲဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန်အတွက် အစိုးရက ဧပြီလ ၁၅ ရက် တနင်္လာနေ့တွင် ပဲမျိုးစုံ သိုလှောင်ထားရှိမှုအပေါ် ကန့်သတ်ချက်များထုတ်ပြန်ခဲ့ပြီး ပြည်နယ်များကို စောင့်ကြည့်ထိန်းကြောင်း ဆောင်ရွက်ရန် တောင်းဆိုထားသည်။ အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်းအား တိုးမြှင့်သတ်မှတ်၍ အာမခံဝယ်ယူမှု အစီအစဉ်ကဲ့သို့ အစိုးရမှတောင်သူများအတွက် မက်လုံးအမျိုးမျိုးပေးခဲ့သော်လည်း ပြည်တွင်းပဲမျိုးစုံထုတ်လုပ်မှုသည် လွန်ခဲ့သည့် ၂ နှစ်မှ ၃ နှစ်အတွင်း ကျဆင်းနေမှုမှာ စိုးရိမ်စရာဖြစ်နေကြောင်းနှင့် ၂၀၂၂-၂၃ ခုနှစ်တွင် ပဲမျိုးစုံထွက်ရှိမှုမှာ တန်ချိန် ၂၆၁ သန်းရှိခဲ့သော်လည်း ၂၀၂၃-၂၄ တွင် ပဲမျိုးစုံထွက်ရှိမှုမှာ တန်ချိန် ၂၃၄ သိန်းသာရှိမည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားကြောင်းသိရသည်။

၂၀၁၉-၂၀၂၀တွင် ပြည်တွင်းပဲမျိုးစုံထွက်ရှိမှုမှာ တန်ချိန် ၂၃၀ ဒသမ ၂၅ သိန်းရှိခဲ့ပြီး ၂၀၂၀-၂၀၂၁ တွင် အစိုးရ၏မက်လုံးပေးအစီအစဉ်များကြောင့် ထုတ်လုပ်မှုတန်ချိန် ၂၅၄ ဒသမ ၆၃ သိန်း အထိတိုးလာကာ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် တန်ချိန် ၂၇၃ ဒသမ ၀၂ သိန်းအထိ မြင့်တက်လာသော်လည်း ၂၀၂၂-၂၀၂၃ ခုနှစ်တွင် တန်ချိန် ၂၆၀ ဒသမ ၅၈ သိန်းသို့ ပြန်လည်ကျဆင်းခဲ့သည်။

ယခင်နှစ် မိုးရာသီတွင် ပဲမျိုးစုံထုတ်လုပ်နိုင်မှုတန်ချိန် ၇၆ ဒသမ ၂၁ သိန်းနှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် တန်ချိန် ၇၁ ဒသမ ၁၈ သိန်းသို့ ကျဆင်းမည်ဟုမျှော်မှန်းထားပြီး မတ်ပဲထုတ်လုပ်မှုသည်လည်း တန်ချိန် ၁၇ ဒသမ ၆၈ သိန်းမှ တန် ၁၅ ဒသမ ၁၅ သိန်းသို့ ကျဆင်းမည်ဟုမျှော်မှန်းထားကြောင်း၊ ပဲတီစိမ်းထုတ်လုပ်မှုမှာလည်း  တန်ချိန် ၁၇ ဒသမ ၁၈ သိန်းမှ တန်ချိန် ၁၄ ဒသမ ၀၅ သိန်းသို့ ကျဆင်းဖွယ်ရှိကြောင်း သိရသည်။

ပြည်တွင်းပဲမျိုးစုံထွက်ရှိမှု ကျဆင်းခြင်းသည် အဓိကထုတ်လုပ်သောဒေသများရှိ ရာသီဥတု အခြေအနေကြောင့်ဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောကြသော်လည်း စိုးရိမ်စရာအချက်တစ်ခုမှာ နွေရာသီပဲမျိုးစုံ စိုက်ပျိုးဧရိယာသည် ပြီးခဲ့တဲ့ ၃-၄ နှစ်အတွင်း ကျဆင်းခဲ့ကြောင်း၊ ၂၀၂၁-၂၂ တွင် ဟက်တာ ၃၀၇ ဒသမ ၃၁ သိန်းရှိရာမှ ၂၀၂၃-၂၄ မှာ ဟက်တာ ၂၅၇ ဒသမ ၈၅ သိန်းအထိ လျော့ကျသွားခဲ့ကြောင်း၊ နှစ်နှစ်အတွင်း မျိုးစေ့ချဧရိယာ ၁၆ ရာခိုင်နှုန်းနှင့် ထွက်ရှိမှု ၁၄ ရာခိုင်နှုန်းနီးပါး လျော့ကျခဲ့ကြောင်း သိရှိရသည်။

Source: India Pulses import almost doubled in 2023–24, it may raise further this year, The Economic Times, April 17 2024.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

https://myantrade.gov.mm/article/STP(Ygn)_24042024_18:50

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ငါးမြွေထိုးခြောက် ပိဿာချိန် ၇၅,၀၀၀ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မတ်လတွင် ငါးမြွေထိုးခြောက် ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့နယ်ရှိ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြ၍ သိရသည်။



မအူပင်မြို့နယ်တွင် ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးမြွေထိုးအစိမ်းများကိုဝယ်ယူပြီး စနစ်တကျ၏အခြောက်လှန်း တင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ငါးမြွေထိုးခြောက်ပိဿာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ ငါးမြွေထိုးခြောက် ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

“ပြီးခဲ့တဲ့ မတ်လပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက်တွေ တင်ပို့ရောင်းချအားကောင်းခဲ့တာပါ။ တစ်လအတွင်း ငါးမြွေထိုးခြောက်ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန် ဈေးကွက်က ငါးခြောက်တွေကို မှာယူအားတက်နေလို့ပါ။ အခုလိုငါးခြောက်တွေမှာ ကုန်များလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိလာပါတယ်” ဟု မအူပင်မြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးမြွေထိုးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ ငါးမြွေထိုးခြောက်များ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးခြောက်လုပ်ငန်းရှင်များ၊ ရေလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကြောင်း မအူပင်မြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဗီယက်နမ်နိုင်ငံသည် စင်ကာပူနိုင်ငံသို့ ဆန်အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်လာ

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမသုံးလအတွင်း စင်ကာပူဒေါ်လာ ၃၆ ဒသမ ၁၅ သန်း (အမေရိ ကန်ဒေါ်လာ ၂၆ ဒသမ ၅၅ သန်း) တန်ဖိုးရှိ ဆန်တင်ပို့နိုင်ခဲ့ကြောင်း၊ စင်ကာပူနိုင်ငံသို့ ဆန်အများဆုံး တင်ပို့လျက်ရှိသည့် အိန္ဒိယနှင့်ထိုင်းတို့ကို ကျော်လွန်ကာ ၈၀ ဒသမ ၄၆ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ဈေးကွက်ဝေစု၏ ၃၂.၀၃ ရာခိုင်နှုန်းကို ရရှိခဲ့ကြောင်း စင်ကာပူနိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံး၏ အဆိုအရ သိရသည်။

ဗီယက်နမ်နိုင်ငံ၏နောက်တွင် ထိုင်းနိုင်ငံမှ ဆန်ပို့ကုန် တန်ဖိုး စင်ကာပူဒေါ်လာ ၃၃ ဒသမ ၆၃ သန်းဖြင့် ဒုတိယနေရာတွင် ရှိနေပြီး အိန္ဒိယမှ ဆန်ပို့ကုန်တန်ဖိုး စင်ကာပူဒေါ်လာ ၃၃ ဒသမ ၁၆ သန်းဖြင့် တတိယနေရာတွင် ရှိနေပါသည်။ ပုံမှန် တင်ပို့နေသည့် ဆန်လုံးညိုနှင့် ဆန်ဖြူတင်ပို့မှုတန်ဖိုး ကျဆင်းခဲ့သော်လည်း ကောက်ညှင်းဆန်နှင့် အခြားဆန်အမျိုးအစား များ၏ တင်ပို့မှု သိသိသာသာ မြင့်တက်လာခဲ့သည်။ အဆိုပါဆန်များတွင် ကောက်ညှင်းဆန် တန်ဖိုးအားဖြင့် စင်ကာပူဒေါ်လာ ၃ ဒသမ ၇၉ သန်း၊ ကြိတ်ခွဲထားသောဆန် (သို့မဟုတ်) ရနံ့မွှေးသောဆန် စင်ကာပူဒေါ်လာ ၁၈ ဒသမ ၀၆သန်း၊ ဆန်ကွဲ တန်ဖိုးအားဖြင့် စင်ကာပူဒေါ်လာ ၅၇၅,၀၀၀ အသီးသီးတင်ပို့ခဲ့ကြသည်။

စင်ကာပူတွင် အကြီးဆုံး ဆန်ဈေးကွက်ဝေစုရရှိခဲ့သည့် ဗီယက်နမ်နိုင်ငံ၏ အဓိက အောင်မြင်မှုသည် အစဉ်အလာကောင်းသည့် ဆန်ဖြူတင်မကပဲ အခြားထုတ်ကုန်အုပ်စု ၂ ခုဖြစ်သည့် ကောက်ညှင်းဆန်နှင့်ဆန်မွှေးများ တိုးပွားလာခြင်းကြောင့်ဖြစ်သည်။ ၎င်းအချက်မှာ ဗီယက်နမ်သည် ထိုင်းနှင့်အိန္ဒိယတို့ကို ကျော်တက်ကာ စင်ကာပူတွင် ဆန်ဈေးကွက်ဝေစု အကြီးမားဆုံးနိုင်ငံဖြစ်လာစေရန် ကူညီပေးခဲ့ကြောင်း အဆိုပါရုံးမှ အခိုင်အမာပြောကြားခဲ့သည်။

ကုန်သွယ်ရေးရုံး၏အဆိုအရ ထိုင်း၊ အိန္ဒိယနှင့်ဂျပန်တို့သည် စင်ကာပူရှိ ဗီယက်နမ်၏ အဓိကပြိုင်ဘက်များဖြစ်ပြီး အိန္ဒိယ၏ဆန်တင်ပို့မှုကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့မှစ၍ ပိတ်ပင်လိုက်ခြင်းကြောင့် ဗီယက်နမ်အတွက် စင်ကာပူတွင် ဈေးကွက်ဝေစုတိုးလာစေရန် အခြေအနေကောင်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဗီယက်နမ် ဆန်တင်ပို့သူများသည် ၎င်းတို့၏ယှဉ်ပြိုင်နိုင်စွမ်းနှင့် ဆန်အရည်အသွေးကိုမြှင့်တင်ရန် ကုန်သွယ်ရေးရုံးက အကြံပြုထားပြီး အလားအလာရှိသော ဈေးကွက်တွင် ဗီယက်နမ်ဆန်ပါဝင်မှု တိုးမြင့်လာစေရန်အတွက် အဆိုပါရုံးအနေဖြင့် ပြပွဲများကို ပိုမိုကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံသည် ယခုနှစ် ပထမသုံးလတွင် စင်ကာပူဒေါ်လာ ၁၁၂ ဒသမ ၉ သန်းနီးပါး ဆန်တင်သွင်းခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၃ ဒသမ ၈၆ ရာခိုင်နှုန်း တိုးလာကြောင်း စာရင်းအင်းနှင့်ကော်ပိုရိတ်အာဏာပိုင်အဖွဲ့ (ACRA) ၏ စာရင်းများအား ကိုးကားဖော်ပြခဲ့သည်။

ဗီယက်နမ်သည် ထိပ်တန်းဆန်တင်ပို့သည့် နိုင်ငံအဖြစ် စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းနိုင်စေရန်အတွက် ဝန်ကြီးဌာနများ၊ ကဏ္ဍများ၊ ဒေသများ၊ အသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းများအားလုံး ဗီယက်နမ် ဆန်ထွက်ကုန်နှင့် အမှတ်တံဆိပ်များ မြှင့်တင်ရေးတွင် လက်တွဲဆောင်ရွက်သင့်ကြောင်းလည်း ဖော်ပြထားသည်။

ထို့ပြင် ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံတို့ကြား ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းသည် ဗီယက်နမ် နိုင်ငံ၏ နံပါတ် (၁) ဆန်တင်သွင်းသူ အနေအထားကို ဆက်လက်ထိန်းသိမ်းရန်အထောက်အကူဖြစ်စေမည်ဖြစ်သည်။

စင်ကာပူသို့ ဗီယက်နမ်ဆန်တင်ပို့မှုအောင်မြင်မှုသည် ဆန်ထွက်ကုန်များ အထူးသဖြင့် အထူးဆန်မျိုးကွဲများ ကြီးထွားမှုအားကောင်းခြင်းကြောင့်ဟု ယူဆနိုင်သည်။ စင်ကာပူကဲ့သို့သော အဓိကဈေးကွက်များနှင့် မိတ်ဖက်များ တိုးပွားလာခြင်းသည်လည်း ဗီယက်နမ်ဆန်၏ ဦးဆောင်မှုနေရာကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်မည့်အချက်များဖြစ်ကြောင်း သုံးသပ်ရသည်။

ထို့ပြင် ဗီယက်နမ်နှင့်စင်ကာပူနိုင်ငံတို့အကြား ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာသည် ကုန်သွယ်မှု ဆက်ဆံရေး မြှင့်တင်ရန်နှင့် ဗီယက်နမ်၏ ဒေသတွင်း ထိပ်တန်းဆန် တင်သွင်းသူအဖြစ် ရပ်တည်ချက်ရရှိရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ အချုပ်အားဖြင့် ဆန်တန်ဖိုးကွင်းဆက်သစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆန်းသစ်တီထွင်သော စိုက်ပျိုးရေး အလေ့အကျင့်များသည် ဗီယက်နမ်၏ ဆန်တင်ပို့မှုကဏ္ဍတွင် ရေရှည်စီးပွားရေးတိုးတက်မှုနှင့် တည်ငြိမ်ရေးကို အထောက်အကူဖြစ်စေကြောင်း တင်ပြအပ်ပါသည်။

**Source: Viet Nam Plus**

**(စီးပွားရေးသံမှူးဗီယက်နမ်)**

https://myantrade.gov.mm/article/Naypyitawstp_240420241030

## STOCK EXCHANGE (25.4.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Apr. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,464 (Shares) | 20,741,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +200 | +2.27% | 8,800 | 9,000 | 8,800 | 229 | 2,026,200 | 33,109,694 | 297,987 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,850 | 2,900 | 2,850 | 4,731 | 13,486,100 | 38,929,150 | 110,948 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 2 | 16,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 3,356 | 4,871,200 | 29,664,613 | 44,497 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 29 | 48,900 | 19,977,223 | 33,961 |
| AMATA | 00007 | 4,600 | -100 | -2.13% | 4,600 | 4,600 | 4,600 | 19 | 87,400 | 10,497,598 | 48,289 |
| MAEX | 00008 | 2,050 | +0 | +0.00% | 2,100 | 2,100 | 2,050 | 98 | 205,400 | 23,804,946 | 48,800 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 23rd Apr. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 372.69 | +1.93 | +0.52% | 369.58 | 372.69 | 369.02 | 8,464 | 20,741,200 | 8 | 702,954 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 23rd Apr. 2024

| Trading Volume | Trading Value |
|---|---|
| 8,464 (Shares) | 20,741,200 (MMK) |

## Main Board

As of 1:00 pm, 23rd Apr. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,464 (Shares) | 20,741,200 (MMK) |

| MYANPIX | 372.69 ▲ 1.93 |
|---|---|
| Total Volume (shares) | 8,464 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 702,954 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 200 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,600 | ▼ 100 |
| MAEX | 00008 | 2,050 | ▲ 0 |